Generated by Foxit PDF Creator © Foxit Software
http://www.foxitsoftware.com For evaluation only.



**Network for Democracy and Development**
**Documentation and Research Department**

P.O Box 179, Mae Sod, Tak, 63110, Thailand. Phone: +66 85-733 4303.
E-mail: ndddrd07@csloxinfo.com; ndddrd07@gmail.com

# Weekly Political Events Regarding the SPDC's Election (019/2010)

# နအဖရွေးကောက်ပွဲနှင့် စပ်လျဉ်းသည့်တစ်ပတ်အတွင်း နိုင်ငံရေးအဖြစ်အပျက်များ (၀၁၉/၂၀၁၀)

၂၀၁၀ ခုနှစ်၊ မေလ (၃၀) ရက်နေ့မှ ဇွန်လ (၀၅) ရက်နေ့အထိ

## နအဖနှင့် ၎င်းလက်ကိုင်တုတ်အဖွဲ့အစည်းများ

- ရွေးကောက်ပွဲကော်မရှင်က မဲဆန္ဒနယ်များ ကြေညာခြင်းမရှိသေးချိန်တွင် ရှမ်းပြည် (မြောက်ပိုင်း)တွင် မေလ နောက်ဆုံး အပတ်က စတင်ခဲ့သည့် ကြံ့ဖွံ့အသင်း၏ မြို့နယ်၊ ကျေးရွာများ စည်းရုံးရေးခရီးစဉ်အတွင်း မဲထည့်နိုင်သူ လူဦးရေ ၄၀၀ လျှင် မဲရုံတစ်ရုံထားရှိမည်ဟု ဒေသတွင်းလှည့်လည် ပြောကြားခဲ့ကြောင်း ကြံ့ဖွံ့အဖွဲ့ဝင်တစ်ဦးကပြောသည်။ **(S.H.A.N 310510)** Read More ...
- ရခိုင်ပြည်နယ် မောင်တောမြို့တွင် ကျောင်းဖွင့်ချိန်၌ ကျောင်းအပ်နှံရာတွင် ကျောင်းသားမိဘများနှင့် အထက်တန်း ကျောင်းသား၊သူများကိုပါ ကြံ့ဖွံ့အဖွဲ့ဝင်အဖြစ် လက်မှတ်ရေးထိုးခိုင်းနေသည်ဟု ကျောင်းသားမိဘတစ်ဦးက ပြောသည်။ **(Kaladan 010610)** Read More ...
- ရှမ်းပြည်(အရှေ့ပိုင်း)၊ ကျိုင်းတုံမြို့နယ်အတွင်းရှိ ကျေးရွာအုပ်စုများတွင် အာဏာပိုင်များက ကြံ့ဖွံ့ပါတီမှ ထောက်ခံမဲရရန်၊ အသင်းဝင်များဖြစ်စေရန်၊ ဒေသခံများအား အဓမ္မသိမ်းသွင်း စာရင်းများကောက်ယူလျှက် ရှိရာ "အသက် ၁၅ နှစ်အထက် ဒေသခံပြည်သူများအားလုံး ကြံ့ဖွံ့အသင်းထဲ ဝင်ရန်နှင့် မဝင်သည့်သူများသည် နိုင်ငံတော်ကို ပုန်ကန်သည့် စာရင်းထဲပါသွားမည်"ဟု ခြိမ်းခြောက်ခဲ့ကြောင်း စည်းရုံးခံရသူတစ်ဦးက ပြောသည်။ **(S.H.A.N 010610)** Read More ...
- ရှမ်းပြည်မြောက်ပိုင်း မူဆယ်ခရိုင် နမ့်ခမ်းမြို့နယ်ရှိ ကျေးရွာအသီးသီးတွင် ၂၀၁၀ ရွေးကောက်ပွဲနီးကပ်လာခြင်းနှင့် သစ်တောပြုန်းတီးမှုများကြောင့် မီးသွေးဖုတ်တောင်သူများကို မီးသွေးမဖုတ်ရန်နှင့် လက်ရှိသိုလှောင်ထားသော မီးသွေးများကို မေလ ၂၅ ရက်နေ့မှ ၃၁ ရက်နေ့အတွင်း အပြီးရောင်းချရန် လားရှိုးတိုင်းမှူး ဗိုလ်ချုပ်အောင်သန်းထွဋ်မှတဆင့် နမ့်ခမ်းသစ်တောဦးစီးဌာနသို့ မေလ ၂၅ ရက်နေ့က ညွှန်ကြားထားကြောင်း ဒေသခံတစ်ဦးကပြောသည်။ **(Palaungland 020610)** Read More...
- ကချင်ပြည်နယ် မြစ်ကြီးနားမြို့တွင် နိုင်ငံရေးမှတ်ပုံတင်ကဒ်ပြားမရှိသည့် အသက် ၁၀ နှစ်ထက်ရှိသူများကို မှတ်ပုံတင်များ အမြန်လုပ်ဆောင်ပေးခြင်းနှင့် သန်းခေါင်စာရင်းများ လိုက်လံကောက်ယူရာတွင် ရပ်ကွက်လူကြီးများက ၂၀၁၀ ရွေးကောက်ပွဲအတွက် မဲထည့်ရန် စာရင်းလိုက်လံကောက်ယူထားသည်ဟု ပြောဆိုခဲ့ကြောင်း ဒေသခံများကပြောသည်။ **(KNG 030610)** Read More...
- သျှမ်းပြည်မြောက်ပိုင်း မူဆယ်မြို့တွင် နေပြည်တော်ဗဟိုရွေးကောက်ပွဲကော်မရှင်မှ ဦးစီးပြီး ရွေးကောက်ပွဲလုပ်ထုံးလုပ်နည်းဆိုင်ရာ ၂ ရက်ကြာ သင်တန်းပို့ချမှုတစ်ရပ် ပြုလုပ်ခဲ့ရာ မူဆယ်ကော်မရှင်ခွဲ ခရိုင် ဥက္ကဌ ဦးချိုအေး၊

Generated by Foxit PDF Creator © Foxit Software
http://www.foxitsoftware.com For evaluation only.



မြို့နယ်ဥက္ကဌ ဦးအုန်းမြင့်တို့အပါအဝင် သင်တန်းသား ၃၀ တက်ရောက်ခဲ့သည်ဟု ရွေးကောက်ပွဲကော်မရှင်နှင့် နီးစပ်သူတစ်ဦးက ပြောသည်။ **(S.H.A.N 040610)** Read More ...

- ရွေးကောက်ပွဲ လုံလုံခြုံခြုံကျင်းပနိုင်ရေးအတွက်အတွက် နအဖ အမှတ် (၁) စက်မှုဝန်ကြီး ဦးအောင်သောင်းနှင့် အဖွဲ့သည် ကချင်ပြည်လွတ်လပ်ရေးအဖွဲ့ **KIO** အရာရှိများနှင့် လာရောက်တွေ့ဆုံဆွေးနွေးရန်ရှိကြောင်း **KIO** အရာရှိ တစ်ဦးကပြောသည်။ **(RFA 050610)** Read More...

## အတိုက်အခံအဖွဲ့အစည်းများ

### (က) ပြည်တွင်းအင်အားစုများ

- မန္တလေးတိုင်း မိတ္ထီလာမြို့တွင် ဒီပဲယင်းလူသတ်မှု နှစ်ပတ်လည်အထိမ်းအမှတ် ဆွမ်းကျွေးတရားနာပွဲကို ဒေါ်အောင်ဆန်းစုကြည်၏ ကားကို မောင်းပြီး အသက်ဘေးကကာယ်ခဲ့သော မန္တလေးက ကားဒရိုင်ဘာ ကိုကျော်စိုးလင်းနှင့် သာစည်မြို့က ဦးသန်းဆောင်တို့အပါအဝင် မြို့နယ်ပေါင်း ၂၀ လောက်က အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဝင်များ တက်ရောက်ခဲ့ပြီး အခြားပြည်နယ်နှင့်တိုင်းများတွင်လည်း ကျင်းပခဲ့ကြသည်။ **(DVB 300510)** Read More ...
- အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် **NLD** ခေါင်းဆောင်များနှင့် မြန်မာနိုင်ငံဆိုင်ရာ **EU** သံအမတ်ကြီးများ တွေ့ဆုံဆွေးနွေးရာတွင် **NLD** ပါဝင်ယှဉ်ပြိုင်ခြင်းမပြုလုပ်သည့် ရွေးကောက်ပွဲအပေါ် သဘောထား မေးမြန်းခြင်းနှင့် **NLD** ပါတီ၏ ဒီမိုကရေစီရေး ရှေ့လုပ်ငန်းစဉ်များကိုလည်း **EU** ဥရောပသမဂ္ဂအဖွဲ့ကြီးက အပြည့်အဝတသဘောတည်း ဆက်လက်ထောက်ခံသွားမည်ဟု ပြောကြားခဲ့ကြောင်းကို ဗဟိုအလုပ်အမှုဆောင် ဦးဉာဏ်ဝင်းက ပြောသည်။ **(VOA 310510)** Read More ...
- တရုတ်ဝန်ကြီးချုပ် ဝမ်ကျားပေါင် မြန်မာနိုင်ငံကို ရောက်ရှိသည့်အချိန်တွင် နိုင်ငံရေးတည်ငြိမ်မှုရရန်နှင့် ရွေးကောက်ပွဲကိစ္စများ ပြောဆိုဆွေးနွေးမည်ဆိုလျှင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အနေဖြင့် ကြိုဆိုမည်ဟု အဖွဲ့ချုပ်ပြောခွင့်ရ ဦးဉာဏ်ဝင်း က ဇွန် ၁ ရက်နေ့က ပြောကြားလိုက်သည်။ **(RFA 010610)** Read More ...
- အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က ရှေ့လုပ်ငန်းစဉ်တစ်ရပ်အနေဖြင့် နိုင်ငံရေးကိုအခြေခံသည့် လူမှုရေးလုပ်ငန်းများ လုပ်ကိုင်ရန် ဦးတည်ရည်ရွယ်ကာ တနင်္သာရီတိုင်း ကော့သောင်းမြို့က ကျောင်းအပ်၊ ကျောင်းတက်ဖို့ အခက်အခဲဖြစ်နေသည့် ကျောင်းသူ၊သားတချို့ကို လိုက်လံကူညီပေးနေသည်ဟု ကော့သောင်းမြို့နယ် အဖွဲ့ချုပ် အတွင်းရေးမှူး ကိုမြင့်မောင်က ပြောသည်။ **(DVB 020510)** Read More ...
- အမေရိကန်ဆီးနိတ် အထက်လွှတ်တော်အမတ် မစ္စတာဂျင်ဝက်သည် မြန်မာနိုင်ငံကို ဒုတိယအကြိမ်မြောက် လာရောက်ခြင်းနှင့်ပတ်သက်၍ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် **(NLD)** က အမေရိကန်အစိုးရအနေဖြင့် ချင့်ချင့်ချိန်ချိန် လုပ်ဆောင်သင့်ကြောင်း၊ မြန်မာအစိုးရက ဒီမိုကရေစီရေး တကယ်တမ်းတိုးတက်အောင် လုပ်ဆောင်နိုင်မှု ရှိမရှိကို ကြည့် သင့်ကြောင်း **NLD** ဒု–ဥက္ကဌ ဦးတင်ဦးက ပြောသည်။ **(BBC 030610)** Read More ...
- တရုတ်ဝန်ကြီးချုပ် ဝမ်းကျားပေါင် မြန်မာနိုင်ငံသို့ လာရောက်သည့်အတွက် မြန်မာ့ဒီမိုကရေစီရေးကိစ္စတွင် အကျိုးသက်ရောက်မှု တစုံတရာမရှိနိုင်ကြောင်းနှင့် **NLD** အနေဖြင့် လက်အိပ်မစွပ်ဘဲ လက်သီးထိုးရမည့် အနေထားမျိုး ဖြစ်နေသည့်အချိန်တွင် စစ်အစိုးရကို တရုတ်အစိုးရက လုပ်ပေးနေသည်က လက်အိပ်တင်မကဘူး သံလက်သီးတပ် ပေးမည့် အနေအထားမျိုးဟု ဦးဝင်းတင်က ပြောသည်။ **(NEJ 030610)** Read More ...
- အမေရိကန် အထက်လွှတ်တော်အမတ် ဂျင်မ်ဝက်ဘ်၏ ခရီးစဉ်ဖျက်သိမ်းလိုက်ရသည့်ကိစ္စအပါအဝင် လက်ရှိနိုင်ငံရေး အခြေအနေများကို ဇွန်လ ၄ ရက်နေ့တွင် **NLD** ပါတီဝင်များနှင့် **CRPP** အဖွဲ့ဝင်များဖြစ်ကြသော ဦးတင်ဦး၊ ဦးဉာဏ်ဝင်း၊ ဦးအေးသာအောင်၊ ဦးသန်းဝင်း၊ ဦးလှဖေ၊ ဦးပုကျင်ရှင်းထန်နှင့် ဦးစိုးဝင်းတို့သည် အဖွဲ့ချုပ် ဒု–ဥက္ကဌ ဦးတင်ဦးနေအိမ်၌ တွေ့ဆုံဆွေးနွေးခဲ့ကြသည်။ **(RFA 040610)** Read More ...
- မြန်မာနိုင်ငံတွင် နိုင်ငံရေးအပြောင်းအလဲများ ဖြစ်ပေါ်လာရန်အတွက် နိုင်ငံတကာအသိုင်းအဝိုင်းက ပြင်းထန်ပြတ်သားသည့် တိုက်တွန်းမှုများကို တညီတညွတ်တည်း ပြုလုပ်ရန်လိုအပ်ကြောင်း ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီ **(CRPP)** က ပြောကြားလိုက်သည်။ **(DVB 040610)** Read More...

Generated by Foxit PDF Creator © Foxit Software
http://www.foxitsoftware.com For evaluation only.



## (ခ) တိုင်းရင်းသားလက်နက်ကိုင်အင်အားစုများ

- ကွယ်လွန်သူ **KNU** ဥက္ကဋ္ဌ ဟောင်း ဗိုလ်ချုပ်ကြီးစောဘိုမြ၏သား ဗိုလ်မှူးကြီးစောနယ်ဒါးမြ၏ ဉရောပခရီးစဉ်နှင့် ပတ်သက်၍ "တရားမျှတမှုမရှိသည့် စစ်အစိုးရ ၂၀၁၀ ရွေးကောက်ပွဲအကြောင်းနှင့် တိုင်းရင်းသားဒေသများတွင် အရပ်သားများကို ညှင်းပမ်းသတ်ဖြတ်ပြီး လူ့အခွင့်အရေး ချိုးဖောက်နေသော စစ်အစိုးရ၏ လုပ်ရပ်အကြောင်းများကို ဉရောပအစိုးရနှင့် ဉရောပရောက် ကရင်လူမျိုးများသိရှိရန်အတွက် အဓိကထား ရှင်းလင်းတင်ပြရန်ရှိသည်"ဟု **KNU** အထွေထွေအတွင်းရေးမှူး နော်ဇီပိုးရာစိန်က ပြောကြားလိုက်သည်။ **(KIC 020610)** Read More ...

## (ဂ) ပြည်ပအင်အားစုများ

- ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ **(USDP)**မှ ထိပ်ပိုင်းခေါင်းဆောင်တချို့ အဓိကကြိုးကိုင် ဒီပဲယင်းလုပ်ကြံမှုကို အမျိုးသားညွန့်ပေါင်းအစိုးရအဖွဲ့ **(NCGUB)**မှ ဦးဇင်လင်းက"အဲဒီတုန်းက ရခဲ့တဲ့သတင်းတွေအရ ဗိုလ်ချုပ်မှူးကြီး သန်းရွှေက ဗိုလ်ချုပ်ကြီးစိုးဝင်းကို ဘယ်သူ့ကိုမှမသိစေရန် အဲဒီကိစ္စကို ဦးဆောင်ခိုင်းကာ သူကနေတဆင့် ဗိုလ်ချုပ်စိုးနိုင်၊ ဦးအောင်သောင်းတို့ကို ခိုင်းတာ၊ ဗိုလ်ချုပ်စိုးနိုင်က နမခတိုင်းမှူးဆိုတော့ သူက **Field Commander** ပေါ့။ အဲဒီကိစ္စကို စစ်ဆင်ရေးတခုလို သဘောထားပြီး သေချာစနစ်တကျ ဇယားချပြီးလုပ်ခဲ့ကြသည်"ဟု ပြောသည်။ **(Irrawaddy 310510)** Read More ...

## အပစ်ရပ်အဖွဲ့အစည်းများ

### (က) နယ်ခြားစောင့်တပ် အသွင်မပြောင်းရသေးသည့်အဖွဲ့များ

- မြန်မာနိုင်ငံသို့ ရောက်ရှိနေသော တရုတ်ဝန်ကြီးချုပ် ဝမ်းကျားပေါင်သည် နှစ်ရက်တာခရီးစဉ်အတွင်း တိုက်ပွဲများ ပြန်ဖြစ်လာနိုင်သည့် ယူနန်နယ်စပ်အရေးနှင့် ပတ်သက်၍ နယ်စပ်ဒေသတည်ငြိမ်ရေးအတွက် ဆွေးနွေးလိမ့်မည်ဟု မျှော်လင့်ကြောင်း ဝ ပြည်သွေးစည်း ညီညွတ်ရေးတပ်မတော် **UWSA** မှ အမည်မဖော်လိုသည့် အရာရှိတဦးက ပြောသည်။ **(Mizzima 020610)** Read More ...

### (ခ) နယ်ခြားစောင့်တပ်အသွင်ပြောင်းပြီးသည့်အဖွဲ့များ

- စရဖအရာရှိချုပ် ဗိုလ်ချုပ်ရဲမြင့်ကိုင်တိုင် ပြည်သူ့စစ်တပ်မှ နယ်ခြားစောင့်တပ်အဖြစ် ပြောင်းလဲပေးလိုက်သော ပုံပါကျင်အခြေစိုက် ဂျပီးကွယ်ဦးဆောင်သော လားဟူနယ်ခြားစောင့်တပ်ရင်း ၁၀၀၇ ဌာနချုပ် ဆောက်လုပ်ရန် အတွက် နအဖအာဏာပိုင်များက သုံးနှစ်စာ သစ်တန်ချိန် ၁၀၀၀ ခုတ်ခွင့်ပေးလိုက်ကြောင်း အမည်မဖော်လိုသည့် နောင်တုံကုမ္ပဏီဝန်ထမ်းတစ်ဦးက ပြောသည်။ **(S.H.A.N 040610)** Read More ...

## အခြားနိုင်ငံရေးအင်အားစုများ

### နိုင်ငံရေးပါတီတည်ထောင်ခွင့်ရပြီးသောပါတီများ

- မွန်ပြည်နယ်တွင် မွန်ဒေသလုံးဆိုင်ရာ ဒီမိုကရေစီပါတီမှ စည်းရုံးရေးဆင်းရာတွင် ရွေးကောက်ပွဲဝင်မည့် မွန်ပါတီတခု တည်းသာရှိနေသဖြင့် အများစုက စိတ်ဝင်စားကြသည်၊ ပါတီကို သိသည့် လူလည်းများသည်၊ ဘုန်းကြီးများလည်း စိတ်ဝင်စားကြသည့်အတွက် စည်းရုံးရေးဆင်းရာတွင် လွယ်ကူသောကြောင့် ရွေးကောက်ပွဲ ကော်မရှင်မှ သတ်မှတ်နှုန်းထက် ပါတီဝင်ဦးရေ ပိုများနိုင်ကြောင်း ပါတီ ဥက္ကဋ္ဌ နိုင်ငွေသိန်းက ပြောသည်။ **(IMNA 010310)** Read More ...

Generated by Foxit PDF Creator © Foxit Software
http://www.foxitsoftware.com For evaluation only.



- လူထုက ပါတီနိုင်ငံရေးအပေါ် စိတ်ဝင်စားမှု လျော့နည်းနေသဖြင့် စည်းရုံးရေးလုပ်ငန်းများတွင် အခက်အခဲရှိနေကြောင်းကို ပါတီတည်ထောင်ခွင့်ရရှိပြီးဖြစ်သည့် အမျိုးသားနိုင်ငံရေးမဟာမိတ်အဖွဲ့ချုပ်၊ ဝံသာနု **NLD**၊ ရခိုင်ပြည်နယ် အမျိုးသားအင်အားစု၊ ပြည်ထောင်စုဒီမိုကရေစီပါတီနှင့် မတူကွဲပြားရေးပါတီ၊ ဒီမိုကရက် တစ်ပါတီ(မြန်မာပြည်)တို့က ပြောကြားလိုက်သည်။ **(Mizzima 030610) Read More ...**
- ရှမ်းတိုင်းရင်းသားများ ဒီမိုကရက်တစ်ပါတီ **(Shan Nationalities Democratic Party)** သည် ပါတီအလံနှင့် ဆိုင်းဘုတ် တင်ပွဲ အခမ်းအနားတရပ်အား ဇွန်လ ၂ ရက်နေ့၌နံနက်ပိုင်း၌ ကျင်းပခဲ့ပြီး "ဒီလထဲတွင် စည်းရုံးရေးဆင်း လုပ်ငန်းလည်ပတ်နိုင်အောင် အခြားမြို့နယ်များတွင်လည်း ရုံးခွဲတွေ ဆက်တိုက်ဖွင့်လှစ်သွားမည်" ဟု ပါတီ ဥက္ကဋ္ဌ ဦးစိုင်းအိုက်ပေါ်င်းက ပြောသည်။ **(S.H.A.N 030610) Read More ...**
- ပြည်ထောင်စုဒီမိုကရေစီပါတီက ဇွန်လ ၅ ရက်နေ့နံနက်ပိုင်းတွင် ရန်ကုန်ရုံးချုပ် ပါတီဆိုင်းဘုတ်တင်ပွဲ အခမ်းအနား ပြုလုပ်ပြီးသည့် နောက်ပိုင်း၌ ပါတီဝင် စည်းရုံးရေးလုပ်ငန်းများ စတင်လုပ်ဆောင်တော့မည်ဖြစ်ကြောင်း ပါတီ ဥက္ကဋ္ဌ ဦးဖြိုးမင်းသိန်းက ပြောသည်။ **(DVB 040610) Read More...**

## ပြည်သူနှင့် လူထုအခြေပြုအသင်းအဖွဲ့များ

- မြန်မာအမျိုးသားအလုပ်သမားများသမဂ္ဂကို ပြည်တွင်းက အလုပ်သမားခေါင်းဆောင်များ ဥပဒေသမားများနှင့် ပူးပေါင်းကာ သမဂ္ဂအလုပ်အမှုဆောင်အဖွဲ့ကို အဖွဲ့ဝင် ၁၈ ဦးဖြင့် ဖွဲ့စည်းလိုက်ပြီး တရားဝင်ရပ်တည်ခွင့်ရရန် ဗိုလ်ချုပ်မှူးကြီး သန်းရွှေထံ လိပ်မူပြီး စာတိုက်မှတဆင့် ဇွန် ၂ ရက်နေ့တွင် လျှောက်ထားလိုက်သည်ဟု သမဂ္ဂ၏ ဥပဒေအကြံပေးပုဂ္ဂိုလ် လူ့အခွင့်အရေးရှေ့နေ ကိုဖိုးဖြူက ပြောသည်။ **(RFA 020610) Read More ...**
- ၂၀၁၀ ရွေးကောက်ပွဲကို ဆန့်ကျင်သည့် နံရံကပ်စာများနှင့်အတူ ဖမ်းဆီးခံရသည့် အရှင်ဥက္ကံသအား ကြိုပို့ပေးခဲ့သူ ကိုမင်းအောင်ကို အင်းစိန်စစ်ကြောရေးစခန်းတွင် ၄ လကျော် ထိန်းသိမ်းခံရပြီး ပြန်လည်လွတ်မြောက်လာသည်။ **(IMNA 050610) Read More ...**

## နိုင်ငံတကာဆောင်ရွက်မှုများ

### (က) ကုလသမဂ္ဂနှင့် နိုင်ငံတကာအစိုးရအဖွဲ့အစည်းများ

- မြောက်ကိုရီးယားနိုင်ငံသည် ဒုံးကျည်လက်နက်နှင့် နျူကလီးယားနည်းပညာများကို မြောက်မြားလှတဲ့ ကြားခံလက်နက်ကုမ္ပဏီတွေနဲ့ ငွေကြေးအဖွဲ့အစည်းတွေကို အသုံးပြုလှည့်စားပြီး မြန်မာနိုင်ငံသို့ တင်ပို့ရောင်းချနေကြောင်း ကုလသမဂ္ဂကျွမ်းကျင်သူများက ထုတ်ပြန်သည့် အစီရင်ခံစာတွင် ဖော်ပြထားသည်။ **(Irrawaddy 310510) Read More ...**
- မြန်မာနိုင်ငံကို ခေတ္တရောက်နေသော နော်ဝေးနိုင်ငံ နိုင်ငံတကာဖွံ့ဖြိုးရေးဝန်ကြီး **Erik Solheim** သည် ဇွန်လ ၂ ရက်နေ့တွင် **NLD** ပါတီ ဒု-ဥက္ကဋ္ဌ ဦးတင်ဦးနေအိမ်၌ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ခေါင်းဆောင်များနှင့်တွေ့ဆုံပြီး လက်ရှိနိုင်ငံရေးအခြေအနေ၊ ရွေးကောက်ပွဲပေါ်သဘောထား၊ **NLD** ၏ အနာဂတ်ရှေ့လုပ်ငန်းစဉ်များကို မေးမြန်းခဲ့သည်ဟု အဖွဲ့ချုပ်ပြောခွင့်ရ ဦးဉာဏ်ဝင်းက ပြောသည်။ **(RFA 020610) Read More ...**
- ဇွန်လ ၁ ရက်နေ့တွင် နိုင်ငံတကာလွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့ **(AI)** ၏ (၁၉) ကြိမ်မြောက် သတင်းမီဒီယာဆုပေးပွဲတွင် မြန်မာနိုင်ငံက သတင်းထောက်တွေကို လူ့အခွင့်အရေးသတင်းမီဒီယာဆု ချီးမြှင့်ခဲ့မှုနှင့်ပတ်သက်၍ လာမည့် ၂၀၁၀ ရွေးကောက်ပွဲတွင် လွတ်လပ်သော သတင်းမီဒီယာများသည် မြန်မာအပေါ် ကမ္ဘာ့အာရုံစူးစိုက်မှုကို ထိန်းထားနိုင်ရေးအတွက် အဓိကကျသည်ဟု **AI** ၏ သတင်းပြန်ကြားရေးဌာန ညွှန်ကြားရေးမှူး **Mr. Mike Blackmore** က ပြောဆိုလိုက်သည်။ **(RFA 020610) Read More ...**

Generated by Foxit PDF Creator © Foxit Software
http://www.foxitsoftware.com For evaluation only.



## (ခ) အစိုးရများ

- မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည့်ကို နိုင်ငံရေးလှုပ်ရှားမှု လုပ်ဆောင်ခွင့်ပေးရန် မြန်မာအစိုးကို တိုက်တွန်းတဲ့ အဆိုပြုချက်တစ်ရပ်ကို နယူးဇီလန်ပါလီမန်က ကန့်ကွက်မဲမရှိ အတည်ပြုလိုက်ကြကာ အဆိုပြုချက်ကို ဦးဆောင်တင်သွင်းသူ လေဘာပါတီအမတ် မာယန်စထရိ **(Maryan Street)**က လာမည့်ရွေးကောက်ပွဲတွင် ဒေါ်အောင်ဆန်းစုကြည်ကို ပါဝင်ယှဉ်ပြိုင်ခွင့်မပေးပါက နအဖရွေးကောက်ပွဲသည် အတုအယောင်သာဖြစ်မည်ဟု ပြောကြားလိုက်သည်။ **(BBC 020610)** [Read More ...]
- နိုင်ငံရေးပြောင်းလဲမှုဖြစ်စေမည်ဟု စစ်အစိုးရ နိုင်ငံခြားရေးဝန်ကြီး၏ ပြောကြားခဲ့မှုနှင့်ပတ်သက်၍ ယုံကြည်ကိုယ်စားနိုင်သည့်ကိစ္စ မဟုတ်ကြောင်းနှင့် မြန်မာနိုင်ငံကို ပိတ်ဆို့ဒဏ်ခတ် အရေးယူမှုတခုတည်းဖြင့် အလုပ်မဖြစ်ကြောင်း၊ မြန်မာနိုင်ငံကို ရောက်ရှိနေသည့် နော်ဝေးနိုင်ငံတကာဖွံ့ဖြိုးရေးဝန်ကြီး **Erik Solheim** က ဝေဖန်ပြောကြားလိုက်သည်။ **(DVB 020610)** [Read More ...]
- အမေရိကန်အထက်လွှတ်တော်အမတ် ဂျင်မ်ဝက်ဘ် မြန်မာနိုင်ငံခရီးစဉ်ကို ရုတ်ချည်းဆိုင်းငံ့လိုက်ခြင်းသည် မြန်မာနိုင်ငံနှင့် မြောက်ကိုရီယားအကြား နျူကလီးယားကိစ္စ ပူးပေါင်းဆောင်ရွက်မှု ရှိနေခြင်းနှင့် ကုလသမဂ္ဂ လုံခြုံရေးကောင်စီဆုံးဖြတ်ချက် ၁၈၇၄ ကို မြန်မာနိုင်ငံက ချိုးဖောက်နေခြင်းတို့ဖြင့် စွပ်စွဲချက်များအပေါ် စုံစမ်းမကင်းဖြစ်ခြင်းတို့ကြောင့်ဖြစ်သည်ဟု ဇွန်လ ၃ ရက်နေ့၌ ထုတ်ပြန်သော **Mr. Jim Webb** ၏ ကြေညာချက်တွင် ဖော်ပြထားသည်။ **(Mizzima 030610)** [Read More ...]
- မြန်မာနိုင်ငံသို့ နှစ်ရက်ကြာရောက်ရှိခဲ့သည့် တရုတ်ဝန်ကြီးချုပ် ဝမ်ကျားပေါင်သည် ၂၀၁၀ ရွေးကောက်ပွဲနှင့် တိုင်းရင်းသားများ အရေးကိစ္စရပ်များကို ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် နေပြည်တော်တွင် ဆွေးနွေးခဲ့ကြောင်း သံတမန်အသိုင်းအဝိုင်းမှဆိုသည်။ **(Irrawaddy 040510)** [Read More...]
- စစ်အစိုးရ၏ လျှို့ဝှက်နျူးကလီးယားနှင့် တာဝေးပစ်ဒုံးပျံအစီအစဉ် ပေါက်ကြားခဲ့မှုကြောင့် မြန်မာနှင့်မြောက်ကိုရီးယားဆက်ဆံရေးကို အမေရိကန်အစိုးရက အနီးကပ်စောင့်ကြည့်သွားမည်ဟု ဇွန်လ ၄ ရက်နေ့က ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲတွင် အမေရိကန်နိုင်ငံခြားရေးဌာန ပြောခွင့်ရပုဂ္ဂိုလ် **Philip Crowley** က ပြောကြားလိုက်သည်။ **(RFA 050610)** [Read More...]

## (ဂ) အစိုးရမဟုတ်သော အဖွဲ့အစည်းများ

- ဇွန်လ ၂ ရက်နေ့တွင် မြန်မာနိုင်ငံကို အလည်အပတ် ရောက်ရှိမည့် တရုတ်ဝန်ကြီးချုပ် ဝမ်ကျားပေါင်အနေဖြင့် နအဖစစ်အစိုးရပြုလုပ်မည့် ရွေးကောက်ပွဲနှင့်ပတ်သက်၍ အပြုသဘော ဝေဖန်ဆွေးနွေးဖိအားပေးမှုများ ပြုလုပ်သင့်ကြောင်း လူ့အခွင့်အရေးလေ့လာစောင့်ကြည့်ရေးအဖွဲ့ **(HRW)** က စာရေးသားပေးပို့တိုက်တွန်းတောင်းဆိုလိုက်သည်။ **(VOA 310510)** [Read More ...]
- လွတ်လပ်သောအလုပ်သမားသမဂ္ဂတရပ် တရားဝင်ထူထောင်ခွင့်ရရန်အတွက် ရှေ့နေဦးဖိုးဖြူ ဦးဆောင်ပြီး ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံ ခွင့်ပြုချက်လျှောက်ထားခြင်းကို ၁၅၅ နိုင်ငံက အလုပ်သမား ၁၇၅ သန်းကို ကိုယ်စားပြုပြီး ကမ္ဘာ့အင်အားအကြီးဆုံး အလုပ်သမားသမဂ္ဂလည်းဖြစ်သည့် **ITUC** အဖွဲ့ချုပ်က ပြောခွင့်ရပုဂ္ဂိုလ် **Tim Noonan** က လှိုက်လှိုက်လှဲလှဲ ကြိုဆိုထောက်ခံပါကြောင်းကို ဇွန် ၂ ရက်နေ့တွင် ပြောကြားလိုက်သည်။ **(RFA 020610)** [Read More ...]

***End of report/ Saturday, June 05, 2010***

ဒီမိုကရေစီနှင့်ဖွံ့ဖြိုးတိုးတက်ရေးအင်အားစု၊ မှတ်တမ်းတင်နှင့်သုတေသနဌာနမှ ထုတ်ဝေဖြန့်ချိသည်။

***Documentation and Research Department (NDD)***